# အယ်ဒီတာ့စာမျက်နှာ C

Gifted-men seize time and work as their opportunity. They make them great and grand.

လူစွမ်းကောင်းတို့သည် အချိန်နှင့်အလုပ်ကို ရနိုင်ခဲသည့်အခွင့်အရေးပမာ စွဲမြဲစွာဆုပ်ကိုင်ထားကြသည်။ ၎င်းတို့သည် ထိုအချိန်နှင့်အလုပ်ကို အကျိုးရှိအောင်သာ အသုံးချကြသည်။ (သီတဂူဆရာတော်)

၁။ အလုပ်

၂။ လုပ်ခွင့်

၃။ လုပ်ကိုင်ခြင်း ဆိုသည့်အချက် (၃) ချက်နှင့်ပြည့်စုံနေသမျှ ကျွန်ုပ်တို့ ကံကောင်းနေကြဦးမည်ဖြစ်သည်။ အလုပ်ရှိသော်လည်း လုပ်ပိုင်ခွင့်မရှိလျှင်သော်လည်းကောင်း၊ လုပ်ခွင့်ရှိသော်လည်း အလုပ်မရှိလျှင်သော်လည်းကောင်း လုပ်ကိုင်ခြင်း အဖြစ်သို့မရောက်နိုင်သဖြင့် ကံမကောင်းသေးချေ။ အလုပ်ရော လုပ်ပိုင်ခွင့်ပါရှိပါလျှက် မလုပ်ကြသူများသည်လည်း လက်ထဲရှိ ပြည်တန်ပတ္တမြားကို ခဲသွေးကျောက်ပမာ ထင်မှတ်သူများသာဖြစ်သည်။

မိမိတို့ကံကောင်းကြသည်။ ကံကောင်း၍သီတဂူရောက်၊ သီတဂူရောက်၍ကံကောင်းသည်။ ကုသိုလ်လုပ်ခွင့်များစွာရသည်။ ထိုများစွာထဲမှ တစ်ခုကား ဤစာအုပ်ကိုပြုစု၍ ဆရာတော်၏ ၇၄-နှစ်မြောက်မွေးနေ့ကို ပူဇော်လိုက်နိုင်ခြင်းပင်ဖြစ်သည်။

ယခင်နှစ်စဉ် ဆရာတော်၏မွေးနေ့ပူဇာအထိမ်းအမှတ်အဖြစ် The Voice of Dhamma (ဓမ္မအသံ) မဂ္ဂဇင်းစာအုပ်များထုတ်ဝေခဲ့သည်။ သို့သော် အကြောင်း အမျိုးမျိုးကြောင့် ၃-နှစ်ခန့်မထုတ်ဖြစ်ပဲ အသံခေတ္တတိတ်သွားခဲ့သည်။ ယခုအခါ ထိုတိတ်သွားသောအသံကို ပြန်လည်နိုးကြွစေလိုက်ပြီ။

ဤစာအုပ်တွင် ပြင်ပကလောင်ရှင်များမပါဝင်ပါ။ သီတဂူညီအစ်ကိုမောင်နှမများ၏ ရင်တွင်းဖြစ်စကားလုံးများဖြင့်သာ ဖွဲ့စည်းထားသည့် သီတဂူမှ ဓမ္မအသံ သက်သက်သာဖြစ်ပါသည်။ ဤဓမ္မအသံတွင် စကားပြောတတ်စ ကလေးအသံများလည်းပါသည်။ ပညာသင်အရွယ် နုနယ်ပျိုမျစ်သောအသံများလည်းပါသည်။ သက်ရွယ်ကြီးရင့် တွေးခေါ်မြင့်သည့် ပညာရှင်အသံများလည်းပါဝင်သည်။ ရသစုံခံစားနိုင်ရန်အတွက် တင်ဆက်လိုက်ပါသည်။

သမဂ္ဂါနံ တပေါ သုခေါ ဟူသည်နှင့်အညီ ညီညီညွတ်ညွတ်စုပေါင်းရွတ်ဆိုလိုက်သဖြင့် ငြိမ့်ငြောင်းစွာထွက်ပေါ်လာသော ဤဓမ္မအသံက မိမိတို့ကို အမှန်ပင် စိတ်ချမ်းသာမှု ဖြစ်စေခဲ့ပါသည်။ ဤချမ်းသာကိုသာ အဓိကရည်ရွယ်၍ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ကလေးများအသံသည် မပီသေးမှန်းသိသော်လည်း အလေ့အကျင့်ရစေရန်အတွက် လက်တွဲခေါ်ခဲ့ခြင်းဖြစ်သည်။ ကလောင်သွေးပေးခြင်းဖြစ်သည်။ ဓမ္မအသံက သွေးပေးလိုက်သဖြင့် ထက်မြက်စူးရှသွားသော ကလောင်များလည်း ပေါ်ပေါက်လာခဲ့ပြီးဖြစ်သည်။ ထိုအတွက်လည်း ရည်ရွယ်၍ထုတ်ဝေပါသည်။

ဤစာအုပ်ကိုပြုစုရင်း မိမိအတွက် သိမှတ်စရာအသစ်များ ရရှိခဲ့သည်။ စာဖတ်သူများလည်း ရရှိလိမ့်မည်ဟုမျှော်လင့်ပါသည်။ သည့်အတွက် ပါဝင်ကူညီကြိုးစား အားထုတ်ထားကြသည့် စာတည်းအဖွဲ့ဝင်များ၊ ကလောင်ရှင်များ၊ သရုပ်ဖော်ပညာရှင်များ၊ ကွန်ပျူတာ၊ ဓာတ်ပုံနှင့် ဂရပ်ဖစ်ဒီဇိုင်းပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ပါသည်။ ဤစာအုပ်ဖြင့် တပည့်အားလုံးက သီတဂူအဓိပတိဆရာတော်ကြီး၏ (၇၄) နှစ်မြောက် မွေးနေ့ကိုပူဇော်လိုက်ပါသည်။

ဤစာအုပ်တွင် အမှားအယွင်းတစုံတရာရှိခဲ့ပါမူ ထိုတစုံတရာနှင့်ပတ်သက်၍ စီစဉ်သူမိမိ၏တာဝန်သာဖြစ်ပါကြောင်း။

ဒေါက်တာအရှင်စန္ဒာသိရီ (သီတဂူ)